

# နှင်းလားဟဲ့ ဂျပန် (၅)

● မိအိုက အိအိချော



ဒီတစ်ခါတော့ နင်လားဟဲ့ ဂျပန် (၅) ရဲ့ အဆက် ဇာတ်သိမ်းခန်းလေးကို တင်ဆက်လိုက်ပါပြီ။ တကယ့်ဖြစ်ရပ်မှန်လေးတွေ ဆိုတော့လည်း တကယ့်အပြင်က ဇာတ်သိမ်းခန်းလေးကိုစောင့်ရတော့ အချိန်နဲနဲကြာသွားခဲ့ပြီးမှ အဆက်ကို ပြန်ရေးဖြစ်ရခြင်းလည်း ဖြစ်ပါသည်။


သည်နေ့တော့ ကျွန်မရဲ့ စားသောက်ဆိုင် ဝန်ထမ်းဘဝလေးလည်း တစ်ခန်းရပ်သွားခဲ့ပါပြီ။ နောက်ဆုံးနေ့လေးမှာ အဆုံးသတ်လုပစ္စာနှင့်

ကျွန်မ အကောင်းဆုံးထက် ပိုကောင်းအောင် အလုပ်လုပ်ပေးခဲ့ပြီး ကျေးဇူးတင်စကားကို အသေအချာပြော။ နှုတ်ဆက်။ သည်လိုနှင့် လူ့ဘဝ၏ တစ်ခန်းရပ်ပြဇာတ်လေးကို လှလှပပလေး အဆုံးသတ်။ ကျွန်မဘဝကို အသစ်တစ်ခုကနေ ပြန်စနိုင်ဖို့ အားအင်တွေနှင့် ခရီးဆက်။

အရှေ့က အခန်းဆက်ကလေးကနေ ပြန်ဆက်ပြီး ရေးရမည်ဆိုပါလျှင် ကျွန်မတန်းချောကို ပြတ်ပြတ်သားသား တုံ့ပြန်ခဲ့ပြီးသည့်နောက်ပိုင်းမှာ သူ့ဘက်ကလည်းခပ်တန်းတန်း ကျွန်မဘက်ကလည်း ခပ်တန်းတန်းနှင့် ပုံမှန်ဆက်ဆံရေးလေးအတိုင်း ရှေ့ဆက်သွားနေချိန်မှာပဲ နွေရာသီ ကျောင်းပိတ်ရက်တွေကုန်ဆုံးလို့ ကျောင်းတော်ကြီးလည်း တစ်ဖန်ပြန်ဖွင့်ပါပြီ။

တန်းချောတို့ဆိုင်က နွေရာသီကျောင်းပိတ်ရက် ကိုယ့်နိုင်ငံ ခဏအလည်ပြန်သွားကြတဲ့ ဝန်ထမ်းတွေလည်း ပြန်လာကြပြီမို့ ကျွန်မတို့က လူပိုလေးတွေဖြစ်သွားကြပါပြီ၊ အဲဒီအချိန်မှာ တန်းချောက ကျွန်မကိုပြောပါတယ်၊ အိစံနင် တခြားမှာအလုပ်တွေ သွားလျှောက်ရရင်အင်တာဗျူး ဖြေရမှာနှင့် အလုပ်ရှုပ်တယ် ငါတို့ကုမ္ပဏီမှာ ဆိုင်ခွဲတွေ အများကြီးရှိတယ် ငါမိတ်ဆက်ပေးမယ်လို့ ပြောတော့ ကျွန်မ အံ့ဩသွားရပါတယ်။ တကယ်တော့ ကျွန်မ စားသောက်ဆိုင်မှာ မလုပ်ချင်တော့ပါ။ သူ့ဘက်က စေတနာအပြည့်နှင့် တကူးတကကြီး ပြောလာတော့ ကျွန်မအားနာသည်။ သည်လိုနှင့် သူ့ဆိုင်မှာက တစ်ပတ် နှစ်ရက်လောက်နှင့် တခြားတစ်ဆိုင်မှာက တစ်ပတ် နှစ်ရက် တစ်ပတ်ကို ၂၈ နာရီပြည့်အောင် သူ Shift ထဲမှာ ရအောင် ထည့်ဆွဲ၍ ပေးရှာသည်။ အဲသည်မှာ ဘာဖြစ်သလဲဆိုတော့ ဆိုင်နှစ်ဆိုင်လုံးက တရုတ်အစားအစာ ရောင်းသည့်ဆိုင်။






သည့်တော့သေချာသည် ဝက်သားကတော့ မပါမဖြစ်။ ကျွန်မက ဝက်သား၊ အမဲသား လုံးဝစားလို့မရ။ ဘာဖြစ်မှန်းမသိပဲနှင့် ကိုစားလို့မရ။ စားပြီဆိုတာနှင့် တခုမဟုတ်တခု အဆင်မပြေတာဖြစ်ပါတော့သည်။ ဟိုတယ်မှာ အလုပ်လုပ်တုန်းကလည်း ဟင်းမှားပြီးလာချပေးထားတာကို အဟုတ်မှတ်ပြီးစားလိုက်မိပြီးမှ ဝက်သားမှန်း သိလိုက်သည်။ သိသိချင်း ဆက်မစားတော့သော်လည်း နဲနဲတော့စားမိသွားရသည့်အဖြစ်။ အဲသည်ညမှာ ပုံမှန်အတိုင်း ပြတင်းတံခါးကိုပိတ်ပြီးမှ အိပ်သွားခြင်းဖြစ်ပါသည်။ ညသန်းခေါင်ယံမှာ ဆံပင်တစ်ရပ်လူတစ်ရပ်နှင့် အရမ်းလှသည့် အမျိုးသမီးတစ်ယောက်က ကျွန်မကို ဒေါသအမျက်ချောင်းချောင်းထွက်ပြီး စားတော့ ဝါးတော့မယ့်အတိုင်း ပြတင်းတံခါး အပြင်ဘက်မှ ကြည့်နေသည်ဟု အိပ်မက်မက်သည်။ အိပ်မက်က လန့်နိုးတော့ ပိတ်ထားသည့် ပြတင်းတံခါးက ပွင့်လျက်ကြီး။ အဲသည်ကတည်းက ဝက်သားကို လုံးဝမစားတော့တာသည်အချိန်အထိ။ အခုတော့ မစားလို့မရအဲဒါက ဒုက္ခ။ စားသောက်ဆိုင်ဆိုတော့ ဝန်ထမ်းတွေကို ထမင်းကျွေးသည်။ ချက်ကျွေးလိုက်တိုင်း တစ်ပတ်မှာ ၆ ရက်က ဝက်သား။ ကျွန်မက ဝက်သားကိုဖယ်၍ အသီးအရွက်များကို ရွေးစားသည်။

သို့သော် တခါတရံ အဖတ်သေးသေးလေးတွေဆိုလျှင် သတိမမူမိခင် စားစားမိသွားသည်။ တိုက်ဆိုင်မှုလေလားမပြောတတ်ပါ။ ကျွန်မဘဝမှာတစ်ခါမှမကြုံဖူးသည့် ကျွန်မ မလုပ်ပဲနှင့် အမှား ဖြစ်ဖြစ်သွားရသည့် ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် ကြုံရသည်။ တိုက်တိုက်ဆိုင်ဆိုင် ပန်းကန်ကျကွဲတာက ဂျပန်လူမျိုး၊ အဲဒီအချိန် ပန်းကန်ဆေးနေတာက ကျွန်မ၊ ဖြစ်ချင်

CS CamScanner

တော့ ပန်းကန်ကျကွဲသံကြားလို့ တန်းချောက လှမ်းကြည့်ချိန်မှာ ကျွန်မကကွဲနေသည့်ပန်းကန် ကို ကူသိမ်းပေးနေခြင်း။ ပိုပြီးအံ့ဖြစ်ဆိုးချင်တော့ ဂျပန်လူမျိုးဆိုတာမျိုးက တစ်ခုခုလေးဖြစ်လိုက် တာနှင့် အနဲဆုံး SumimasenGomennasai ဆိုတာမျိုးက မိုးမွှန်အောင်ပြောသည်။ ဖြစ်ချင် တော့ အဲဒီဂျပန်မက တစ်ခွန်းမှမပြောကူလည်း မသိမ်းပေးပဲ ဒီအတိုင်းနှုတ်ပိတ်ပြီး ရပ်ကြည့်နေ သည်။ အဲသည်တော့ အလိုလိုနှင့် ကိုယ်က ပန်းကန်ခွဲသူအဖြစ် အထင်ခံရသည်။ အသေး အဖွဲ့လေးတွေကအစ ထန်းသီးကြွေခိုက် ကျီးနင်း ခိုက်၊ ကိုယ်ချည်းဖြစ်ဖြစ်နေသည်။ တစ်ခါတစ်ခါ ကိုယ့်ကိုကိုယ်တောင်မှ ဇဝေဇဝါ ဖြစ်မိရသည်။ ငါမလုပ်ဘူးဆိုတာ တကယ်ရောသေချာရဲ့လား။ ငါပဲဂေါက်သွားတာလား၊ အသေအချာ ငါဒါကို လုပ်လိုက်တာပဲ။ ဒါပေမယ့် စစ်ကြည့်လိုက်တော့ မလုပ်ခဲ့ဘူးဖြစ်နေတယ်။ ဘာတွေဖြစ်နေတာလဲ။ သည်လိုနှင့် ကျွန်မကိုယ်ကျွန်မတောင်မှ ယုံကြည် မှုတွေ ပျောက်ဆုံးလာသည်။ အလုပ်သွားရမှာကို သေမလောက်ကြောက်လာသည်။ ဒါကပင်ဖိစီးမှု တစ်ခု။ မသွားကလည်းမသွားချင်။ မသွားလို့က လည်းမရ။ သွားပြန်တော့လည်း ဘယ်အချက် မှားပြန်ဦးမလည်း အမြဲသတိထားနေသည့်ကြားမှ တစ်ခုမဟုတ်တစ်ခုက သေချာပေါက်ဖြစ်သည်။ အောင်စံကတော့ ကျွန်မကို အားပေးရှာပါသည်။ နင်လုပ်နိုင်ပါတယ်အိစံရယ်။ တခြားသူတွေက နဲနဲပဲလုပ်တတ်ပြီး လုပ်တတ်ချင်ယောင်ဆောင်ပြီး ကိုယ့်ကိုယ်ကိုယ် အမြင်ပန်းလှအောင် လုပ်ထား တာ။ နင်ကအဲဒီပညာမတတ်သေးဘူး။ အများကြီး လုပ်နိုင်နေပြီး နဲနဲလေးမှားတဲ့အမှားကိုပဲ အမှား အကြီးကြီးဖြစ်အောင် အထင်ခံနေရတာလေ။ သူတို့တွေလို ကိုယ့်အားနည်းချက်ကလေးကို မသိမသာလေးနှင့် လူမမြင်အောင် ဖွက်ထားပြီး ကိုယ့်အားသာချက်ကို လူမြင်အောင်ပြပြီး ကိုယ့် ကိုယ်ကို အမြင်လှအောင် လုပ်တတ်ရတယ်။ အင်းသူပြောတာလည်း ဟုတ်သလိုလို။ ကဲပါလေ ကြိုးစားကြည့်ပါဦးမယ်။ မရဘယ်လိုမှကိုမရ။ ဘာတွေဖြစ်နေမှန်းကိုမသိ။ သေချာတာက လုပ် ကြည့်လေလေ ကိုယ်နှင့် လုံးဝမကိုက်လေလေ ဆိုတာကိုသိလာရခြင်းပင်။ ကိုယ်ဆိုတဲ့ကိုယ်က လည်း ဘဝတစ်သက်တာလုံးကိုယ်လိုချင်တာကို ပဲရွေးချယ်လာခဲ့သူ။ ကိုယ်မရွေးချယ်ပါပဲနှင့် ရလာ သည့်အရာများအပေါ်တွင်လည်း နဲနဲလေးမှ စိတ်မဝင်စားတတ်။ ဘဝမှာဘာပဲလုပ်လုပ် ကိုယ့် ဝါသနာ၊ ဆန္ဒ၊ နှစ်သက်မှုအပေါ်မှာသာ အဓိက ထားပြီး သေချာရွေးချယ်။ ရွေးချယ်ပြီးရင်တော့ စိတ်ရောကိုယ်ပါ ဘဝတစ်ခုလုံးပါနှစ်မြုပ်ပြီး သဲသဲ မဲမဲ အင်တိုက်အားတိုက် လုပ်ရခြင်းကို နှစ်သက် သူ။ တလောကလုံးနှင့် တစ်ယောက်ထဲဖြစ်နေ လျှင်တောင်မှ ဘယ်တော့မှ နောက်မဆုတ်ပဲ ကိုယ့်လမ်းကိုယ် ဖြောင့်နေအောင် ဆက်လျှောက် သူ။ ကိုယ်ရွေးချယ်လိုက်သည့်အရာနှင့်ပတ်သက် ၍ ဘယ်လောက်ပဲဆင်းရဲဒုက္ခကြုံကြုံ၊ အခက်အခဲ တွေနှင့် သေလုအောင် တိုက်ရပါစေ အပြုံးမပျက် ရင်ဆိုင်ခဲ့သူ။ အဲသည်သူက စိတ်မပါဘူးပော့ ဆိုလျှင် အပြုံးတစ်ချက်လေးတောင်မှ ပြုံးပြ လိုက်ဖို့မလုပ်ခဲ့သူ။ သည်တော့ ဒါပထမဆုံး အကြိမ်အဖြစ်နှင့် သြော် လုပ်ကြည့်လိုက်တာပေါ့ လေ။ တချို့တချို့တွေဆိုလျှင် ဆန္ဒနှင့်အလုပ်နှင့် မကိုက်ညီပဲနှင့်တောင် လုပ်နေကြတာအများကြီး။ ငါလည်း နောက်ဆို လုပ်နိုင်သွားမှာပါပေါ့။ ကိုယ့် ကိုကိုယ် ဘယ်လောက်တောင်ပဲအားပေးအားပေး ဘယ်လိုမှကို လုပ်ကြည့်လို့မရ။ သည်တော့ သဘောပေါက်သွားသည်။ အဲသည်မှာတင် တစ်လလောက် ကြာသွားသည်။ သည်ကာလ အတောအတွင်းမှာကျွန်မသေလုအောင်စိတ်ညစ် သည်။ စိတ်ဓာတ်အင်အားတွေ အတော်လေး ကုန်ခမ်းသွားသည်။ သည်းမခံနိုင်တော့သည့်



အဆုံးမှာတော့ ကျွန်မတန်းချောဆီကို မေးလ်ပို့လိုက်သည်။ ထွက်ခွင့်ပြုပါရန်။ ဆိုသော်လည်း ချက်ချင်းက ထွက်လို့ရသည်မဟုတ်။ ကိုယ့်ကို ထည့်ဆွဲပေးထားသည့် Shift ပြီးအောင်လုပ်ပေးရဦးမည်။ သည်တော့ လုပ်ချင်စိတ်တွေ လုံးဝကုန်ခမ်းနေပါပြီဆိုကာမှ နောက်ဆုံးကျန်နေသေးသည့်နေ့ရက်များကို ခက်ခဲပင်ပန်းကြီးစွာ သည်းခံ၍ ကိုယ့်ကိုကိုယ်အားတင်းပြီးဖြတ်ကျော်ရသည်။ သည်မှာတင် ကျွန်မအသေအချာသဘောပေါက်နားလည်သွားရတာကတော့ လူဆိုတာကိုယ်နှင့်မကိုက်ညီသည့်ကိုယ်၊ မလုပ်ချင်ပဲလုပ်နေရသည့် အလုပ်တစ်ခုအပေါ်မှာ ဘယ်လောက်ပဲ လုပ်ယူလုပ်ယူ အချည်းနှီးသာဖြစ်ပြီး ဘယ်နည်းနှင့်မှ အောင်မြင်မှုမရနိုင်ဆိုသည့်အချက်ပဲဖြစ်ပါသည်။ ကျွန်မအလုပ်ထွက်သည့်နေ့မှာ တန်းချောက ကျွန်မကို နှုတ်မဆက်ပဲပြန်သွားပါသည်။ အောင်စံကတော့ ကျွန်မကို တစ်ခုခုလိုက်ကျွေးမည်ဟု ဆိုပြီးဂျပန်ဆိုင်လေးတစ်ဆိုင်မှာညစာလိုက်ကျွေးပါသည်။

ပြီးတော့ ကျွန်မကိုမေးပါတော့သည်။ နင်ဘာကြောင့် အလုပ်က ထွက်ရတာလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါသည်။ ကျွန်မက အောင်စံကို ပြောပြလိုက်ပါသည်။ အောင်စံတကယ်တော့ တန်းချောက သူ့ဆိုင်ကနေ ထွက်မသွားစေချင်တာကို ငါသိပါတယ်။ အဲသည်အတွက် သူက တကူးတကနှင့် တခြားဆိုင်နှင့် မိတ်ဆက်ပေးသလို သူ့ဆိုင်က Shift ထဲမှာလည်း မရရအောင် ထည့်ဆွဲပေးခဲ့တယ်။ တကယ်တော့ ငါသေချာသိလိုက်တာက ငါကအခုအခြေအနေမျိုးမှာ ငါ့ကို မရှိမဖြစ်လိုအပ်နေတဲ့အနေအထားမျိုးမဟုတ်ဘူးဆိုတာပဲ။ သူမိတ်ဆက်ပေးထားတဲ့ဆိုင်မှာလည်း ငါ့ကိုမလိုအပ်ပါဘူး။ သူ့လူနှင့်သူအဆင်ပြေတယ်။ ငါဝင်လာတော့ ငါကလည်း အဲသည်ဆိုင်က တန်းချောမငြိုငြင်ရလေအောင် အလုပ်တွေဖိလုပ်

တယ်။ အဲသည်တော့ အဲသည်ဆိုင်ကဝန်ထမ်းလေးတွေခမျာ ဟိုမတ်တပ် သည်မတ်တပ်တွေဖြစ်ကုန်တော့မကောင်းဘူးလေ။ ငါ့မှာအမြဲတမ်းသူတို့မျက်နှာကို ကြည့်တိုင်း အားနာနေရတယ်။ သည်ဆိုင်မှာဆိုရင်လည်း သူ့ဝန်ထမ်းနှင့်သူရှိပြီးသားကိုမှ ငါ့ကိုဖြည့်ထည့်ပေးထားရတော့ ငါကအရှုံလူပါ။ ငါအဲလိုဘဝမျိုးကြီးနှင့်မနေချင်လို့ပါ။ တကယ်တော့ ငါနေခဲ့တဲ့နေရာတိုင်းမှာ ငါ့ကိုမရှိမဖြစ် လိုအပ်တဲ့အနေအထားမျိုးနှင့်ပဲ အခုချိန်အထိအသက်ရှင်နေခဲ့တာ။ တန်းချောခမျာလည်း ငါ့အတွက် သီးသန့်ကြီးကို တကူးတကအနေနှင့်စဉ်းစားပြီး Shift ထဲမှာထည့်ပေးနေရတာ။ အဲဒါလည်း သူ့ကိုဝန်ထုပ်ဝန်ပိုးတစ်ခုလိုဖြစ်စေလို့ ငါတကယ်ကို အားနာလို့ပါ။

ပြီးတော့ နောက်တစ်ခုက ငါနှင့်သည်အလုပ်နှင့်က ဘယ်လိုမှကိုမကိုက်လို့ပါ။ ပြောရမယ်ဆိုရင် ငါကတစ်ခုခုကို လုပ်တဲ့အခါမျိုးမှာ လေးလေးနက်နက်စဉ်းစား Plan တွေချ။ ပြီးရင် သေသေချာချာ အကောင်အထည်ဖော်။ အဲလိုနေရာတွေမျိုးမှာဆိုအကောင်းဆုံးလုပ်နိုင်ပေမယ့်လို့ ဆူညံရှုပ်ထွေးပြေးလွှားပြီးလုပ်နေရတဲ့ အလုပ်မျိုးဆိုရင် အာရုံတွေထွေပြားပြီးဘာမှရေရေရာရာ မလုပ်နိုင်တော့တဲ့ လူတစ်ယောက်လိုမျိုးဖြစ်သွားတတ်လို့ပါ။ ဒါကြောင့် ငါအရှုံးပေးပြီးထွက်သွားတာ မဟုတ်ဘူးနော်။ ဘဝတစ်ခုကို အောင်အောင်မြင်မြင်နှင့် တည်ဆောက်နိုင်ဖို့အတွက် ပထမဦးဆုံးအနေနှင့်က မှန်ကန်တဲ့ လမ်းတစ်ခုကို ရွေးချယ်လိုက်နိုင်ဖို့အတွက် ငါကျောခိုင်း လိုက်ရတာပါ။ ကိုယ်နှင့်မကိုက်ညီတဲ့ နယ်ပယ်တစ်ခုမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ပျောက်ဆုံးနေသူအဖြစ်နှင့် မပျော်ရွှင်ပဲ အသက်ဆက်ရှင်နေရမယ့်အစား ကိုယ်စိတ်ဝင်စားတဲ့နယ်ပယ်မှာ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိရှိနှင့် ရှင်သန်ချင်လို့ပါ။ ငါသည်အလုပ်မှာ မအောင်မြင်ခဲ့ပါဘူး။ သေချာတယ် ငါသေချာ မလုပ်နိုင်ခဲ့ပါဘူး။ ကျွန်မသည်လိုထပ်ပြောပြန်တော့ အောင်ကပြောပါသည်။ အိစံနင်တို့သုံးယောက် အလုပ်ဝင်လာတဲ့အထဲမှာ ငါအမ်းကို လုံးဝမကြိုက်ဘူး (ဗီယက်နမ်သူလေးကို



> ဦးနှောက်ထဲမှ အကောင်းဆုံး အတွေးခေါ်တွေထွက်လာအောင် အားလုံးကို စုပေါင်းအဖြေရှာ အပြင်းအထန်စဉ်းစားခိုင်း၍ အဲဒီထဲမှ အကောင်းဆုံးနည်းလမ်းကို ရွေးထုတ်အသုံးချခြင်း

ပြောခြင်းဖြစ်ပါသည်။) သူက ရေသာခိုတယ်။ အလုပ်ကိုသေချာမလုပ်ချင်ဘူး။ ပုဂ္ဂိုလ်ရေးခင်မင်မှုကို ရအောင်ယူပြီး သူ့ကိုယ်သူရပ်တည်နိုင်အောင် ကြိုးစားတယ်။ ဒန်း (ဗီယက်နမ်ကောင်လေးကို ဆိုလိုခြင်းဖြစ်ပါသည်။) သူ့ကိုလည်း ငါသိပ်မကြိုက်ဘူး ဘာကြောင့်လည်းဆိုတော့ လုပ်နိုင်ပါလျက်နှင့် မလုပ်တတ်ဘူးအမြဲပြောပြီး အလုပ်တွေကနေ ရှောင်ထွက်ပြေးလို့။ သည်လိုဆို ကျွန်မကျတော့ရောလို့ မမေးတော့ပါ။ နင့်ကိုတော့ ငါကြိုက်တယ်ဆိုရင် ပြဿနာပါ။ သို့သော် သူကသည်စကားကိုရှောင်လွဲပြီးပြောသွားရှာပါသည်။ နင်အရမ်းကို ကြိုးစားခဲ့တယ်လေ။ ဒါကိုငါတို့အားလုံး အသိအမှတ်ပြုကြလို့သာ တခြားဆိုင်တွေနှင့် နင့်ကိုတန်းချောက မိတ်ဆက်ပေးခဲ့တာပေ့ါ။ မကြိုးစားတဲ့သူတစ်ယောက်ကို မျက်နှာအပျက်ခံပြီး ဘယ်သူက မိတ်ဆက်ပေးမှာလည်း။ ဟုတ်တော့လည်း ဟုတ်နေသား။ သူတို့ဂျပန်လူမျိုးများ ဘယ်လောက်ပဲ မှားမှားကြိုးစားနေသရွေ့ အသိအမှတ်ပြုပါသည်။ အမှားသည် သင်ယူခြင်း၏အစဟု အမြဲလက်ခံတတ်သည်။ အလုပ်လုပ်သူအတွက် အမှားဆိုတာရှိမည်။ မှားပြီဆိုကတည်းက လုပ်လို့မှားတာဖြစ်သည်။ သည်တော့ မှားသွားလျှင်တောင်းပန်။ ဒါဆိုရပြီ။ ပြီးလျှင်အသစ်တစ်ဖန်ပြန်စ။ သည်လိုနှင့် မှားရင်းသင်ယူခဲ့လာရင်း အမှားတွေက တဖြေးဖြေး မှန်မှန်လာတဲ့အခါမှာ လူသားတစ်ယောက်ရဲ့ အစွမ်းအစတွေ တိုးတက်လာပြီး သူတကယ် လုပ်နိုင်လာမည်ဖြစ်သည်။ သည်အခြေအနေမျိုးအထိ ရောက်အောင်ကြိုးစားနိုင်ဖို့ သူတို့အားပေးသည်။ သူတို့ကိုယ်တိုင် ရှာဖွေတွေ့ရှိထားသော အတွေ့အကြုံနှင့်လုပ်ပုံလုပ်နည်းများကို ဆရာစားမချန်ပဲဝေမျှသည်။ သူတို့နှင့် ထပ်တူကျအောင် လုပ်နိုင်လာပြီးသူတို့အတွေ့အကြုံတွေကနေပညာယူပြီးတဆင့်တက် အဲဒီထက်သာလွန်အောင် ကြိုးစားစေချင်သည်။ ထို့ကြောင့် GenbatteKudasai (ကြိုးစားပါ) ဆိုသည့်စကားကို တွင်တွင်ပြောသည်။ အဲဒီစကားမှာကိုက အားတစ်မျိုးပါနေသည်ဟု ကျွန်မခံစားရပါသည်။ သည်လိုနှင့်သူတို့၏ နိုင်ငံကိုပြောင်မြောက်သော သူတို့၏ လုပ်အားတွေနှင့် Brain Stome (ဦးနှောက်ထဲမှ အကောင်းဆုံး အတွေးခေါ်တွေထွက်လာအောင် အားလုံးကို စုပေါင်းအဖြေရှာ အပြင်းအထန်စဉ်းစားခိုင်း၍ အဲဒီထဲမှ အကောင်းဆုံးနည်းလမ်းကို ရွေးထုတ်အသုံးချခြင်း) ဖြင့် ဒီနေ့ ဂျပန်နိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့ကြခြင်း၊ တည်ဆောက်နေကြခြင်းပဲဖြစ်ပါသည်။ ကျွန်မမြင်ရသလောက် ပြောရမည်ဆိုပါလျှင် သူတို့လူမျိုးများ အလုပ်ကိုအသေးစိတ်ကျကျ စည်းစနစ်ကျကျအသေအချာကို လုပ်ကြပါသည်။ ကိုယ်ရောစိတ်ပါ အားအင်အကုန်သုံးလုပ်ကြရခြင်းကြောင့် သေလုအောင် ပင်ပန်းကြသည့်အတွက် ရထားတွေပေါ်မှာကားတွေပေါ်မှာ မောမောပန်းပန်းနှင့်ဖြစ်သလိုတွေ အိပ်ပျော်ပျော်သွားကြသည်။ ကုမ္ပဏီဝန်ထမ်းများဆိုလျှင်လည်း တစ်ပတ်လုံးလုံးကိုစိတ်ရောကိုယ်ပါ ဖိစီးမှုများစွာနှင့်အလုပ်လုပ်ကြရသည် ဖြစ်သောကြောင့် ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့ မရောက်ခင်

သောကြာနေ့ညဆိုလျှင် နောက်တစ်နေ့ အလုပ်မဆင်းရတော့ပြီ ဖြစ်သောကြောင့် ဂျပန်ယောက်ျား၊ မိန်းမများ သောက်ကြစားကြနှင့် အလွန်ကိုပျော်ကြသည်။ သည်လိုနေ့မျိုးဆိုလျှင်တော့ ဘူတာရုံမှာ ရထားတွေပေါ်မှာအရမ်မူးပြီး အိပ်ပျော်နေသူများ စကားတွေလွတ်လွတ်လပ်လပ်ပြောပြီး လုလုပပအရက်မူးနေသူများ မလုမပအရက်မူးနေသူများကို မမြင်ချင်မှအဆုံး ဖြစ်သလိုစားသောက်ဆိုင်တွေမှာ ဆိုလျှင်လည်း အသေအလဲလူကျ၍ မချိအဆုံ့ အလုပ်လုပ်ရသည့်နေ့တစ်နေ့လည်းဖြစ်ပါသည်။ ကျွန်မတောင် ကိုယ့်ကိုကိုယ်အပင်ပန်းခံနိုင်လှပြီထင်တာ နှစ်ခါလောက်ထိုင်ရက်နှင့် ဘယ်လိုအိပ်ပျော်သွားမှန်း မသိအောင်ကို ကြုံခဲ့ရဖူးပါသည်။ တော်သေးသည် ဘယ်လောက်ပဲ ပင်ပန်းနေပါစေ အချိန်တန်လျှင် မျက်လုံးကဂျပန်စံတော်ချိန် ၆ နာရီခွဲ မြန်မာစံတော်ချိန် ၄ နာရီဆိုလျှင် နိုးပြီးဖြစ်နေလို့သာပေါ့။ သူတို့အင်တိုက်အားတိုက် အလုပ်လုပ်နေသည်ကို သေချာထိုင်ကြည့်နေမည်ဆိုပါက တကယ်ကိုကြည့်လို့ကောင်းပါသည်။ ဂျပန်မှာယောက်ျားလေးများက အလုပ်အရမ်းလုပ်ကြပါသည်။ အိမ်အလုပ်များမှာတောင်မှ မိန်းကလေးတွေထက်သာပါသည်။ ကျကျနနသပ်သပ်ယပ်ယပ် စိတ်ရှည်လက်ရှည် လုပ်လည်းလုပ်နိုင်ကြပါသည်။ ပုံမှန်အချိန်ဆိုလျှင် ခြေလှမ်းကို တစ်လှမ်းချင်းလျှောက်သည်။ အေးဆေးသက်သာစွာ ရွေ့လျားလှုပ်ရှားသည်။ မိန်းကလေးများဆိုလျှင်လည်း လေတိုက်လျှင်တောင် လဲတော့မည့်ဟန်။ တကယ့်ကို ပျော့ပျော့ပျောင်းပျောင်း နွဲ့နွဲ့နှောင်းနှောင်းလေး။ အလုပ်နှင့် တွေ့ပြီဆိုလျှင်တော့ လေထဲမှာပျံနေသည့်အလား၊ လမ်းလျှောက်နေသည်ဟုပင် မထင်ရတော့လောက်အောင်။ လှုပ်ရှားမှုတွေအားလုံးက တိုင်မင်ကိုက်ထားသလားမှတ်ရလောက်အောင် အကြိမ်ကြိမ်အခါခါ အထပ်ထပ်ကြေညက်အောင်သင်ယူထားပြီးသည့်လက်များက တစ်ချက်ကလေးတောင်မှ





မလွဲစေရ။ တိကျသေချာပြီး ခိုင်မာမြဲမြံသည့် လက်များ၊ သံပတ်ပေးထားသည့် စက်ရုပ်တစ်ရုပ်လို လှုပ်ရှားမှုက မြန်ဆန်သွက်လက်ပြီး အတိအကျ။ တပြိုင်နက်တည်းမှာ တရစပ်ပြောလည်း ပြောရင်းလုပ်လည်းလုပ်သွားသည့်အရှိန်ရဲ့အမြန်နှုန်းက ကြောက်စရာ။ သည်လိုမှမလုပ်နိုင်ဘူးဆိုလျှင်တော့ မျက်လုံးများနှင့် အကြည့်ခံရတတ်ပါသည်။ ဒါလေးတောင်မှမလုပ်နိုင်ပဲနှင့် ဘယ်လိုများ။ ဆိုသည့် အဓိပ္ပာယ်မျိုးကို ဆောင်သည့် အထင်သေးသည့်မျက်ဝန်းများ။ သည်လိုအပြိုင်အဆိုင်မှ မကြိုးစားလို့ကလည်းမဖြစ်။ သူ့ထက်သူတော်သည့်သူ၊ လုပ်နိုင်သည့်သူတွေကသူတို့နိုင်ငံမှာရိုက်သတ်လို့မကုန်။ သည်တော့အမြဲတမ်းကြိုးစားမနေနိုင်ဘူးဆိုလျှင် အသိအမှတ် ပြုခံရမှုမှ ပျောက်ဆုံးပြီး လူရာအသွင်းမခံရယုံတင်သာမက သူ့နေရာမှာ သူ့ထက်တော်သည့်သူတစ်ယောက်နှင့် အစားထိုးခံရမှာ အသေအချာပဲဖြစ်ပါသည်။ သည်တော့လုပ်ရသည် စိတ်ရောကိုယ်ပါ အားလုံးအင်အားအကုန်သုံးပြီး အင်တိုက်အားတိုက်လုပ် သေလုအောင်လုပ်။ အကောင်းဆုံး၊ အပြင်းထန်ဆုံးနှင့်အမြင့်မားဆုံးစွမ်းဆောင်ရည်တွေကိုထုတ်ပြီး တန်းဝင်သူတစ်ယောက်ဖြစ်အောင် အသေအချာကြိုးစား၊ ဒါတင်မကသေး ကတိစကားနှင့် အချိန်ကို အတိအကျလိုက်နာခြင်းဖြင့် စက်ရုံတစ်ခုလို သူတို့၏ ယန္တယားကလည်ပတ်နေသည်ဖြစ်သောကြောင့် အမှားအယွင်း နဲ့နဲလေးမှမခံ။ ဒါသည်ပင်သူတို့၏ လူနေမှုဘဝဆိုတော့ ဂျပန်လူမျိုးဖြစ်ရသည့်ဘဝ တကယ့်ကိုမလွယ်ပါ။ လကုန်လျှင် ဆောင်လိုက်ရသည့်အခွန်၊ စာရွက်တွေမှတာထပ်ကြီး၊ လစာပေးလျှင်တောင်အခွန်ငွေက ဖြတ်ပြီးသား၊ ပြီးလျှင်အမျိုးမျိုးသောဘီလ်တွေကလည်း ရှိသေးသည်။

သူတို့လူမျိုး၏ တွေးခေါ်မြော်မြင်မှုနှင့်အလုပ်လုပ်ပုံတို့ကို သူတို့တည်ဆောက်ထားသည့်အရာများနှင့် ပတ်ဝန်းကျင်ကိုကြည့်လိုက်လျှင်သဘောပေါက်နားလည်နိုင်ပါသည်။ (ဆက်ရန်)

နင်လားဟဲ့ဂျပန်ကို လစဉ်အခန်းဆက်အဖြစ် ဖော်ပြပေးသွားပါမည်။